# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၂၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၇.၂၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၅ ရက်၊

(၂) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၃) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၂ ရက်၊

(၄) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၅) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၂ ရက်၊

(၆) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၂ ရက်၊

(၇) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၈) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၉) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊

(၁၀) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၂ ရက်၊

(၁၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၂ ရက်၊

(၁၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၁၃) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၁၄) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊

(၁၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊

(၁၆) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၁၇) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၂ ရက်၊

(၁၈) လေရှီးမဲဆန္ဒနယ်မှ ဦးရှိုသီး ခွင့် ၁ ရက်၊

(၁၉) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၂၀) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၁ ရက်၊

(၂၁) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၂၂) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၂၃) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၂၄) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၂၅) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၂၆) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၂ ရက်၊

(၂၇) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၂၈) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၂၉) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၂ ရက်၊

(၃၀) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၃၁) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၂ ရက်၊

(၃၂) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၂ ရက်နှင့်

(၃၃) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ ။** ။ အစီအစဉ် ၅ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီရဲ့ အတွင်းရေးမှူးဖြစ်ပြီးတော့ ကော်မတီရဲ့အစီရင်ခံစာကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဖြစ်ပါတယ်။ ကော်မတီကို ၂၀၁၁ ခုနှစ်၊

စက်တင်ဘာလ ၅ ရက်နေ့မှာ အဖွဲ့ဝင်(၁၅)ဦးနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီ ဥက္ကဋ္ဌကတော့ တပ်ကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ ပြင်ဆင်အစားထိုးမှုနဲ့ပတ်သက်ပြီးတော့ ၂၁-၈-၂၀၁၂ ရက်နေ့မှာ ဦးအောင်မြသန်း၊ ညောင်တုန်းမဲဆန္ဒနယ်အစား ဒေါက်တာမိုးညို ပွင့်ဖြူမဲဆန္ဒနယ်နဲ့ အစားထိုးလဲလှယ်ခဲ့ပါတယ်။ တွဲဖက်တာဝန်ထမ်းဆောင်မှုများနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကော်မတီရဲ့လုပ်ငန်းတွေ ပိုမို သွက်လက်အောင်မြင်စေဖို့အတွက် ဥပဒေရေးရာများနဲ့အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ် ရေးကော်မရှင်ကနေပြီးတော့ ဦးကျော်ဆန်း၊ ဦးတင့်လွင်ရွှေ၊ ဦးညွန့်ဝင်း၊ ဦးအောင်မြေ၊ ဦးအေးဟန် တို့ကိုတွဲဖက်ပေးခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ဆက်စပ်ပတ်သက်နေတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ကော်မတီအတွက်များစွာပဲ အထောက်အကူဖြစ်စေခဲ့ပါတယ်။ ကော်မတီ ရဲ့လုပ်ငန်းတာဝန်များကို အောင်မြင်စေဖို့အတွက်လည်း ကူညီခဲ့ကြတဲ့အတွက်ကြောင့် ကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ်။ အလားတူပဲလေ့လာသူများအနေနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်တဲ့ ဗိုလ်မှူးကြီးခင်မြင့်၊ ဒုတိယဗိုလ်မှူးကြီးငွေစိုး၊ ဗိုလ်မှူးညီညီဇော်၊ ဗိုလ်မှူးဇော်ဝင်းနိုင် တို့ကို လေ့လာသူများ အနေနဲ့တွဲဖက်ပေးထားပါတယ်။ ကော်မတီရဲ့လုပ်ငန်းတာဝန်နဲ့ အောင်မြင်မှုအတွက် ဒီပုဂ္ဂိုလ်လေးဦးသည်လည်း (၅)နှစ်လုံးလုံး စဉ်ဆက်မပြတ်ကြိုးစားပြီးတော့ ကူညီခဲ့ကြသူများ ဖြစ်ပါ တယ်။ သူတို့ရဲ့ အတွေ့အကြုံတွေနဲ့ ယှဉ်ပြီးတော့ နိုင်ငံတော်အကျိုးအတွက် စေတနာကောင်းနဲ့ ဆွေးနွေးပေးခဲ့ကြတဲ့အတွက်ကြောင့် အသိမှတ်ပြုဂုဏ်ပြုအပ်ပါတယ်။

ကော်မတီရဲ့လုပ်ငန်းတာဝန်အားလုံး ခုနစ်ချက်ရှိပါတယ်။ ကျွန်တော်တို့ အခက်အခဲကြောင့် မတင်ပြတော့ပါဘူး။ ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။ ကော်မတီအနေနဲ့ အဓိကတာဝန်ယူရတဲ့ ဝန်ကြီးဌာန နှစ်ခုရှိပါတယ်။ (၁)ကတော့ ပြည်ထဲရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ဒုတိယကတော့ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဖြစ်ပါတယ်။ ရံဖန်ရံခါမှာ တာဝန်ပေးအပ်လာတဲ့ သာသနာရေးဝန်ကြီးဌာနနဲ့ပတ်သက်ပြီးတော့လည်း ဆောင်ရွက်ရပါတယ်။ ကော်မတီနဲ့သက်ဆိုင်တဲ့ ဥပဒေများကတော့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ဥပဒေ (၄၉)ခုရှိပါတယ်။ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ဥပဒေ ကိုးခုရှိပါတယ်။

ကျွန်တော်တို့ ကော်မတီရဲ့ဆောင်ရွက်ချက်များအနေနဲ့ တိုင်ကြားစာများနဲ့ပတ်သက်ပြီးတော့ (၅)နှစ်လုံးမှာ တိုင်ကြားစာပေါင်း ၃၈၇ စောင် ရရှိပါတယ်။ ကျွန်တော်တို့ တိုင်ကြားသူများထံ ၉၉ စောင် ပြန်လည်ပေးပို့နိုင်ပြီးတော့ ကျန်ရှိတဲ့ ၁၄၃ စောင်ကတော့ ယနေ့အချိန်ထိ အစိုးရအဖွဲ့ကနေ

ပြန်ကြားချက် မရရှိသေးဘူးဖြစ်ပါတယ်။ မေးခွန်းနဲ့အဆိုများဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ ကြယ်ပွင့်ပြမေးခွန်း ၁၇၈ စောင်၊ ကြယ်ပွင့်မပြတဲ့မေးခွန်း ၃၆၀၊ အဆို ၁၂ ခု စုစုပေါင်း ၅၅၀ တင်သွင်းနိုင်ခဲ့ပါတယ်။ ရသုံးခန့်မှန်းခြေငွေစာရင်းစိစစ်ခြင်းနှင့်ပတ်သက်ပြီး ကော်မတီအနေနဲ့ (၅)နှစ်လုံးမှာ သက်မှတ်ထားတဲ့ဥပဒေများနဲ့အညီ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းများကို တာဝန်ကျေပွန်စွာ စိစစ်ဖြတ်တောက် ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေများ ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်းနှင့်ပတ်သက်ပြီးတော့ ကော်မတီအနေနဲ့ ဆောင်ရွက်မှုနဲ့ပတ်သက်ပြီး ကော်မတီဟာ ဥပဒေတွေကို ဆွေးနွေးတဲ့အခါမှာ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့လုပ်ငန်းများ ထိရောက်အောင်မြင်စေဖို့နဲ့ တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာထိန်းကျောင်းနိုင်ဖို့ စဉ်းစားသလို တစ်ဖက်ကလည်း နိုင်ငံသားများဘက်က ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆုံးရှုံးမှုမရှိစေဖို့ မူခြေဖြစ်အောင် ဆက်စပ်တွေးတောပြီးတော့ ဆောင်ရွက်ပေးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအပြင် ဥပဒေတွေဟာ လူ့အဖွဲ့အစည်းအတွက် လိုအပ်ချက်များကို အလုပ်အကျွေးပြုဖို့၊ ဥပဒေတွေဟာ လက်တွေ့ပကတိအခြေအနေများနှင့် ကိုက်ညီမှုမရှိတော့ရင် မလွှဲမသွေပြင်ဆင်ဖို့၊ ပြင်ဆင်ခြင်းမပြုပဲ ဆက်လက်သုံးစွဲမယ်ဆိုရင် လူမှုပတ်ဝန်းကျင်တွေကို ပျက်စီးသွားနိုင်စေပါတယ်။ ဥပဒေများဟာ လူမှုဘဝပြုပြင်ပြောင်းလဲရေးကို နောက်ပြန်ဆွဲစေနိုင်သလို လွယ်ကူချောမွေ့စွာနဲ့လည်း ရှေ့ကိုတိုးတက်ရအောင် ဆောင်ရွက်နိုင်တယ်ဆိုတဲ့ အသိတရားနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ပတ်သက်လို့ ဥပဒေပေါင်း ၂၄ ခုကို ကျွန်တော်တို့ကော်မတီအနေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီ ၂၄ ခုကတော့ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးနည်းဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်ဥပဒေ၊ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ စီရင်ပြသမှုအက်ဥပဒေ၊ မြေနှင့်အခွန်အက်ဥပဒေ၊ အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာများဥပဒေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ မြန်မာ့ယစ်မျိုးအက်ဥပဒေ၊ လောင်းကစားဥပဒေ၊ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ၊ အရေးပေါ်စီမံမှုအက်ဥပဒေ၊ လက်နက်အက်ဥပဒေ၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာနအက်ဥပဒေ၊ ပြည်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ၊ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေ၊ မတရားအသင်းများအက်ဥပဒေ၊ တစ်လင်တစ်မယားကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်း၊ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံများ အောင်မြင်မှုကြမ်း

စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်တဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း၊ ၂၀၁၃ ခုနှစ်၊ နိုင်ငံတော်နှင့် အများသူငှာအကျိုးအတွက် မြေသိမ်းခြင်းဥပဒေကြမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ စသည်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး၊ ဥပဒေကြမ်းကော်မတီများနဲ့ ဆွေးနွေးခဲ့ပါတယ်။ တကယ်တော့ ကျွန်တော်တို့ ဒီမိုကရေစီကျတဲ့ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်ဖို့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဟာ အဓိကကျပါတယ်။ တရားဥပဒေစိုးမိုးမှုပျောက်ကွယ်သွားရင် ကျွန်တော်တို့ ယနေ့ကြိုးပမ်းနေတဲ့ ဥပဒေများလည်း အသက်ဝင်တော့မှာမဟုတ်ပါဘူး။ ဒါကြောင့် ပြည်ထဲရေးဌာနရဲ့ ဥပဒေများကို ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ တရားဥပဒေစိုးမိုးရေးကို အဓိက ထည့်သွင်းစဉ်းစားပြီးတော့ ဆွေးနွေးခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနဲ့ပတ်သက်ပြီး ဥပဒေ၄ခု ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးဥပဒေကြမ်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေကြမ်း၊ The Foreigner Act လေးခုကိုပေါင်းပြီးတော့ အခုတစ်ခုအနေနဲ့ ပြင်ဆင်ရေးဆွဲနေပါတယ်။ အလားတူပဲ The Myanmar Immigration Act နှစ်ခုကိုပေါင်းပြီးတော့ တစ်ခုအနေနဲ့ ပြင်ဆင်ရေးဆွဲနေပါတယ်။ မြန်မာနိုင်ငံသား ဥပဒေအမှတ်( ၄/၁၉၈၂)ကို သက်ဆိုင်ရာဌာနများနဲ့ ဆွေးနွေးခဲ့ပါတယ်။

သုံးသပ်ချက်များအနေနဲ့ အားနည်းချက်။ (၁)ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းမှုဟာ ပထမအကြိမ်ပြည်သူ့လွှတ်တော်အတွင်းရောက်ရှိလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခြေအနေအမျိုးမျိုးအပေါ်မူတည်ပြီးတော့ ဖွဲ့စည်းခဲ့ရခြင်းဖြစ်တဲ့အတွက် ကိုယ်စားလှယ်များရဲ့ အသက်အရွယ်၊ အတွေ့အကြုံ၊ စိတ်ပါဝင်စားမှု၊ လုပ်ငန်းဆောင်ရွက်လိုမှုအခြေအနေအရ လုပ်ငန်းဆောင်ရွက်ရာမှာ အခက်အခဲရှိခဲ့ပါတယ်။ (၂) ပထမအကြိမ် ပြည်သူ့လွှတ်တော်ဖြစ်သည်နှင့်အညီ ကော်မတီရုံးဝန်ထမ်းများ ဖွဲ့စည်းမှုမှာလည်း ဝန်ထမ်းများရဲ့အတွေ့အကြုံ၊ လုပ်ရည်ကိုင်ရည်၊ ပညာအရည်အချင်းစတဲ့အခြေအနေအမျိုးမျိုးကို အခြေခံပြီးတော့ ဖွဲ့စည်းရတဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုရဲ့ ပထမတစ်နှစ်တာကာလမှာ အားနည်းမှုများရှိခဲ့ပါတယ်။ (၃) ကော်မတီကိုပေးပို့တိုင်ကြားလာတဲ့ တိုင်ကြားစာများနဲ့ပတ်သက်ပြီး အစိုးရအဖွဲ့ကပြန်ကြားလာတဲ့ တိုင်ကြားစာရာခိုင်နှုန်းက အနည်းငယ်မျှသာရှိတဲ့အတွက် လွှတ်တော်စတင်ပေါ်ပေါက်လာစဉ် လွှတ်တော်ကို ယုံကြည်အားကိုးပြီးတော့ တိုင်ကြားလာတဲ့ ပြည်သူများအနေနဲ့ လွှတ်တော်ကော်မတီများအပေါ်မှာ လွှတ်တော်ကာလသုံးနှစ်ခန့်ရောက်တဲ့အခါမှာ တိုင်ကြားစာများ လျော့နည်းလာပြီးတော့ ယုံကြည်အားကိုးမှုလည်း လျော့ကြလာ

ကြောင်း တွေ့ရှိရပါတယ်။ (၄) ကော်မတီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဥပဒေများကို လေ့လာသုံးသပ်၍ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ရာမှာ ကော်မတီဖွဲ့စည်းမှုအနေအထားအရ လုပ်ငန်းအခက်အခဲများရှိကြောင်း တွေ့ရှိရပါတယ်။ (၅) ပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ဥပဒေများနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ရာမှာ ပြည်သူ့လူထုရဲ့လက်ရှိကြုံတွေ့နေတဲ့ အခြေအနေများအရ ပြင်ဆင်ဆောင်ရွက်ရမယ့်ဥပဒေများရှိသော်လည်း ဝန်ကြီးဌာနရဲ့ ပြင်ဆင်ဆောင်ရွက်ရန် အခက်အခဲများရှိနေမှု၊ မိမိကော်မတီဝင်များရဲ့ စိတ်ပါဝင်စားစွာဆောင်ရွက်လိုမှု၊ အချိန်ကာလရဲ့အခက်အခဲ စတဲ့အားနည်းချက်တွေကြောင့် ပြင်ဆင်မှုမပြုနိုင်ခဲ့တဲ့ ဥပဒေများရှိကြောင်း တွေ့ရှိရပါတယ်။ ဥပမာ-တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်တယ်၊ လက်နက်ကိုင်ဆောင်မှုနဲ့ ပတ်သက်တဲ့၊ လာဘ်ပေးလာဘ်ယူမှုနဲ့ပတ်သက်တယ် ဥပဒေများဖြစ်ပါတယ်။ (၆) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ပတ်သက်ပြီးတော့ ဥပဒေများ ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုရဲ့ ကြုံတွေ့နေရတဲ့ အခြေအနေများအရ ပြင်ဆင်သင့်တဲ့ဥပဒေများ ရှိပါတယ်။ ဝန်ကြီးဌာနရဲ့ပြင်ဆင်ဆောင်ရွက်ရန် အခက်အခဲများရှိနေမှု၊ ကျွန်တော်တို့ ကော်မတီတွေရဲ့ စိတ်ပါဝင်စားစွာ ဆောင်ရွက်လိုမှု၊ အချိန်အခက်အခဲကြောင့် မပြင်ဆင်နိုင်ခဲ့တဲ့ဥပဒေတွေရှိပါတယ်။ ဒါတွေကတော့ နိုင်ငံသားများ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားသက်သေခံလက်မှတ် ထုတ်ပေးမှု၊ ကျူးကျော်နေထိုင်နေသူတွေကို နိုင်ငံသားနှင့် အိမ်ထောင်စုလူဦးရေစာရင်း နိုင်ငံသားသက်သေခံလက်မှတ် မရရှိမှုတို့ကို မထုတ်ပေးနိုင်ခဲ့ပါဘူး။ (၇) ပထမအကြိမ် ပြည်သူ့လွှတ်တော်ဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ ကူးပြောင်းရေးမှာ ပထမဦးဆုံးပေါ်ထွန်းလာတဲ့ လွှတ်တော်ဖြစ်သည်နှင့်အညီ လွှတ်တော်ရဲ့အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုခြင်း၊ အစိုးရအဖွဲ့အား အပြန်အလှန်ထိန်းကျောင်းခြင်းတို့မှာ လိုအပ်တဲ့ အားနည်းချက်တွေရှိခဲ့ပါတယ်။ အထူးသဖြင့် မဏ္ဍိုင်သုံးရပ် စတင်ပေါ်ထွက်လာတဲ့ ၂၀၁၁ ခုနှစ် နှစ်ဦးပိုင်းမှာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ဟာ ဖွဲ့စည်းမှုအပြည့်နဲ့ တာထွက်ခဲ့ကြပေမယ့်လို့ သူတို့ကိုထိန်းကျောင်းရမယ့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့လွှတ်တော်တွေဟာ စတင်ဖွဲ့စည်းစဖြစ်တဲ့အတွက်ကြောင့် ပထမတစ်နှစ်မှာတော့ ထိထိရောက်ရောက် ကျေပွန်စွာ မထမ်းဆောင်နိုင်ခဲ့ပါဘူး။ အလားတူပဲ ကော်မတီအနေနဲ့ ပေးအပ်တဲ့လုပ်ငန်းတာဝန်တွေကို လေ့လာတဲ့အခါမှာ လုပ်သင့်လုပ်ထိုက်တာတွေကို အမျိုးမျိုးသော အခက်အခဲတွေကြောင့် လုပ်နိုင်စွမ်း ရဲ့ ၅၀ ရာခိုင်နှုန်း အောက်သာ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

အားသာချက်များ အနေနဲ့ (၁) ပြည်သူ့လွှတ်တော် ဖွဲ့စည်းခဲ့တဲ့ကော်မတီဖြစ်တဲ့အတွက်ကြောင့် ကော်မတီဝင်တွေရဲ့အတွေ့အကြုံ၊ အရည်အချင်း၊ အခက်အခဲများကြားမှ ကော်မတီရဲ့လုပ်ငန်းများကို (၅)နှစ်တာကာလအတွင်းမှာ အောင်မြင်စွာဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ ဒီအတွက် အားကြိုးမာန်တက်နဲ့ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ပေးခဲ့တဲ့ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဝန်ထမ်းများကိုလည်း ကျေးဇူးတင်ပါတယ်။ (၂) ကော်မတီဝန်ထမ်းများ၏ အရည်အချင်းတိုးတက်စေဖို့အတွက်လည်း ဆွေးနွေးပွဲ သင်တန်းများ တက်ရောက်ခွင့်ရရှိခဲ့တဲ့အတွက်ကြောင့် ကော်မတီဝင်များရဲ့အနေအထား၊ အရည်အချင်းတွေ တိုးတက်လာတာကိုတွေ့ရပါတယ်။ (၃) ကော်မတီဝင်၊ ကော်မတီရုံးအဖွဲ့ အနေနဲ့ စတင်ဖွဲ့စည်းတုန်းက အတွေ့အကြုံနဲ့အရည်အချင်းအရ လုပ်ငန်းဆောင်ရွက်မှုအခက်အခဲရှိပေမယ့်လို့ သင်တန်းတက်ရောက်ခွင့်၊ ဆွေးနွေးပွဲတက်ရောက်ခွင့်၊ ရုံးတွင်းသင်ကြားပို့ချခွင့်ရတဲ့အတွက် ရုံးလုပ်ငန်းကို စတင်ဖွဲ့စည်းတဲ့ကာလထက် (၅)နှစ်တာကာလအတွင်းမှာ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်တာကိုတွေ့ရပါတယ်။ (၄) ကော်မတီက တာဝန်ယူထားတဲ့ ဝန်ကြီးဌာနတစ်ခုလုံးရဲ့ ဘက်ဂျက်တွေကို အောင်မြင်စွာ ဖြတ်တောက်စိစစ်ပေးနိုင်ခဲ့ပါတယ်။ (၅) ဥပဒေပြုရေးအပိုင်းမှာ ကော်မတီအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနနှစ်ခုနဲ့ပတ်သက်တဲ့ ဥပဒေတွေအပြင် ပြည်သူ့ရေးရာကော်မတီဖြစ်သည်နှင့်အညီ လွှတ်တော်အတွင်းမှာဖွဲ့စည်းထားတဲ့ အခြားကော်မတီ ၂၂ ခုနှင့် ပတ်သက်ခြင်းမရှိတဲ့ အခြားသောဥပဒေများကိုလည်း အောင်မြင်စွာပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်းများပါ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရပါတယ်။ (၆) ကော်မတီဝင်များအနေနဲ့ ပြည်တွင်းပြည်ပ၊ အရပ်ဖက်လူ့အဖွဲ့အစည်း တစ်ရပ်ပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ တက်ခွင့်ရတယ်။ ရရှိလာတဲ့အတွေ့အကြုံတွေကို အခြေခံပြီးတော့ အကျိုးဖြစ်ထွန်းဖို့အတွက် ဥပဒေအဆိုမေးခွန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရပါတယ်။ (၇) ကော်မတီအနေနဲ့ ဒီမိုကရေစီရဲ့အသက်ဝိညာဉ်ဖြစ်တဲ့ လွှတ်တော်တွင် ရှင်သန်ဖို့အတွက် ရည်ရွယ်ပြီးတော့ နောင်ပေါ်ထွန်းလာမည့် လွှတ်တော်အဆက်ဆက်မှာ လိုအပ်တာတွေရည်ရွယ်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၅)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ ရုံးလုပ်ငန်းတွေ၊ စည်းမျဉ်းတွေ၊ စည်းကမ်းတွေအတိုင်းပဲ စနစ်တကျလွှဲပြောင်းနိုင်ဖို့ ဆောင်ရွက်ထားရှိပါတယ်။ (၈) ပထမအကြိမ်ပြည်သူ့လွှတ်တော်ကို အခက်အခဲများ၊

လိုအပ်ချက်များ၊ အားနည်းချက်များရှိတဲ့ ကြားကနေပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရဲ့ဦးဆောင်မှု၊ လမ်းညွှန်မှု၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ပထမ အကြိမ်ပြည်သူ့လွှတ်တော်ရဲ့ ဒုတိယနှစ်ကစပြီးတော့ လွှတ်တော်ရဲ့တာဝန်များကို ထိရောက် ကျေပွန်စွာ ထမ်းဆောင်လာနိုင်ခဲ့တဲ့အပြင် များစွာသောအထောက်အကူကောင်းများလည်း ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အကြံပြုတင်ပြချက်အနေနဲ့ (၁)ကော်မတီများဖွဲ့စည်းရာမှာ ကိုယ်စားလှယ်များရဲ့ အတွေ့အကြုံ၊ အရည်အချင်း၊ အသက်အရွယ်ကိုအခြေခံပြီးတော့ ပတ်သက်သင့်တော်တဲ့ ကော်မတီတွေမှာ တာဝန်ပေးခြင်းအားဖြင့် လွှတ်တော်ရဲ့လုပ်ငန်းများ ယခုထက်ပိုပြီးတော့ ကျေပွန်စွာထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။ (၂) ကော်မတီရုံးအဖွဲ့ဝင်များ စုဖွဲ့တာဝန်ပေးအပ်ရာ မှာ စီမံခန့်ခွဲနိုင်စွမ်းရှိသူ၊ ကွန်ပျူတာကျွမ်းကျင်သူ၊ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်သူ၊ ဥပဒေ ပညာရှင်၊ ရုံးလုပ်ငန်းကျွမ်းကျင်သူများလည်း အတတ်နိုင်ဆုံး စုဖွဲ့တာဝန်ပေးအပ်မှသာ ရုံးလုပ်ငန်းများယခုထက်ပိုမိုအောင်မြင်မှာဖြစ်ပါတယ်။ (၃) အချက်အနေနဲ့ ကော်မတီလုပ်ငန်း များဆောင်ရွက်ရာမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့အထောက်အကူ ပစ္စည်းများကို ယခုထက်ပိုမို ဖြည့်ဆည်းပေးဖို့လိုပါတယ်။ (၄) ပြည်သူလူထုရဲ့ တိုင်ကြားစာနဲ့ ပတ်သက်ပြီး အချိန်တိုအတွင်းမှာ အစိုးရအဖွဲ့ကို ပေးပို့ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်သလို အစိုးရအဖွဲ့အနေနဲ့ လွှတ်တော်ကပေးပို့လာတဲ့တိုင်ကြားစာများကို ပိုမို အလေးထားစိစစ်ဆောင်ရွက်ပေးခြင်းဖြင့် လွှတ်တော်ရဲ့လုပ်ငန်းတာဝန်များအပေါ် ပြည်သူ လူထုရဲ့ယုံကြည်မှု ပိုမိုရရှိလာမည်မှာ ဖြစ်ပါတယ်။ (၅) ကော်မတီအနေနဲ့ ဥပဒေများ ပြင်ဆင်ခြင်း၊ ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်း များဆောင်ရွက်ရာမှာ ပြည်သူလူထုရဲ့တင်ပြလိုချက် များကို ကြားနာခွင့်ရရှိမှသာ ဥပဒေများသည် ခေတ်ကာလနှင့်လိုက်လျောညီထွေဖြစ်မှာဖြစ် တဲ့အတွက် ပြည်သူလူထုကနေပြီးတော့ သူတို့ရဲ့တင်ပြချက်တွေကို တင်ပြခွင့်ရရှိရေးစီစဉ် ဆောင်ရွက်ပေးသင့်ပါတယ်။ (၆) လွှတ်တော်အတွင်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များက နိုင်ငံတကာလွှတ်တော်များရဲ့စံနှုန်းနဲ့ နှိုင်းယှဉ်လျှင် များစွာသောအားနည်း ချက် တွေရှိနေသေးတဲ့အတွက် နောင်ပေါ်ထွက်လာမည့် လွှတ်တော်များ၊ အစိုးရအဖွဲ့အစည်း များက လိုအပ်လျက်ရှိတဲ့လွှတ်တော် ကိုယ်စားလှယ်များရဲ့နေထိုင်ရေး၊ သွားလာပို့ဆောင်ရေး၊

စားသောက်ရေး၊ ရုံးလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ရေးစတဲ့ လွှတ်တော်ဆိုင်ရာ အခွင့်အရေးများအပြင် လွှတ်တော်ရဲ့ ဖွဲ့စည်းမှုအရွယ်အစားပြည့်စုံကြီးမားလာရေးအတွက် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရန်လိုအပ်ပါတယ်။ (၇) ပထမအကြိမ်ပြည်သူ့လွှတ်တော်မှာ ကော်မတီတစ်ရပ်အနေနဲ့ တာဝန်များကိုကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်ခွင့်ရရှိတဲ့ အတွက် ကော်မတီဝင်များအနေနဲ့ များစွာဂုဏ်ယူဝမ်းမြောက်ပြီးတော့ လွှတ်တော်ကြီးကို ထာဝရ သတိရရှိနေမှာဖြစ်သလို ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့အတိုင်း လွှတ်တော်သည် ပြည်သူတို့ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီရဲ့အသက်ဝိညာဉ်ဖြစ်သည်နှင့်အညီ လွှတ်တော်သည် လည်းကောင်း၊ လွှတ်တော်ငယ်များဖြစ်တဲ့ကော်မတီများသည်လည်းကောင်း ထာဝရရှင်သန် နေရန် လိုအပ်တဲ့အတွက်ကြောင့် နောင်ပေါ်ထွက်လာမည့်လွှတ်တော်အသီးသီးအား တာဝန်ရှိ သူများ၊ အစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများအနေနဲ့ လွှတ်တော်ရဲ့အရေးဟာ နိုင်ငံရဲ့အရေးဖြစ်သည်နှင့်အညီ လွှတ်တော်ကြီးကို သက်တမ်းတစ်ခုထက်တစ်ခု ပိုမိုပြည့်စုံပြီး တော့ ဖွံ့ဖြိုးတိုးတက်တဲ့လွှတ်တော်အဖြစ် ထာဝစဉ်ရှင်သန်ရပ်တည်နိုင်အောင် ဆောင်ရွက်သွား ရန်လိုအပ်မည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။]

**ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်**
**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏အစီရင်ခံစာ**
**အစီရင်ခံစာအမှတ်စဉ်(၁/၂၀၁၅)**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်ကို ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၀၉ အရ စတင်ဖွဲ့စည်းခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်သည့် အခါ လုပ်ငန်းများသွက်လက်မြန်ဆန်မှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁၅(က) နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ(သို့မဟုတ်)နည်းဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၇ တို့အရ အမြဲတမ်းကော်မတီ (၄)ခုအပြင် လွှတ်တော်၏လုပ်ငန်းများ အထောက်အကူ ဖြစ်စေရန်အတွက် လွှတ်တော်ငယ်တစ်ခုအဖြစ် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပ

သော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းသော ကော်မတီ ၁၉ ခု ထဲမှာ တစ်ခုအပါအဝင်ဖြစ်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၁၁)ဖြင့် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**

၂။ ပြည်သူ့လွှတ်တော်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို အောက်ဖော်ပြပါ ကိုယ်စားလှယ် (၁၅) ဦးဖြင့် စတင်ဖွဲ့စည်းပါသည် -

**ကော်မတီဝင်များ**

| | | | |
|---|---|---|---|
| (က) | ဦးမောင်ဦး | တပ်ကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးခင်မောင်လွင် | စလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်မြသန်း | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးပုမ်ခန့်အင် | တီးတိန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဗိုလ်မှူးကြီးဌေးနိုင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းဝင်းခိုင် | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်ထွန်းသာ | မြောက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဇောင်းခေါင် | ဆော့လော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်ညို | လွိုင်ကော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်ညွန့် | သပိတ်ကျင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးပြည့်မောင် | မတ္တရာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးကျော်သန်း | ဗန်းမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးယိန်းဘောမ် | ဝိုင်းမော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးအိုက်ယွန်းမွန်း | မက်မန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးတင်မောင်ဦး | ရွှေပြည်သာမဲဆန္ဒနယ် | အတွင်းရေးမှူး |

မူကြမ်း

**တွဲဖက်များ**

| | | | |
|---|---|---|---|
| (က) | ဦးကျော်စန်း | ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ခ) | ဦးတင့်လွင်ရွှေ | ။ | အဖွဲ့ဝင် |
| (ဂ) | ဦးညွန့်ဝင်း | ။ | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မြင် | ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| (င) | ဦးအေးဟန် | ။ | အဖွဲ့ဝင် |

**လေ့လာသူများ**

| | | |
|---|---|---|
| (က) | ဗိုလ်မှူးကြီး ခင်မြင့် | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| (ခ) | ဒုတိယဗိုလ်မှူးကြီးငွေစိုး | ။ |
| (ဂ) | ဗိုလ်မှူးညီညီဇော် | ။ |
| (ဃ) | ဗိုလ်မှူးဇော်ဝင်းနိုင် | ။ |

၃။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၂) ဖြင့် ကော်မတီအဖွဲ့ဝင် ဦးအောင်မြသန်း (ညောင်တုန်းမဲဆန္ဒနယ်) (အစား) ဒေါက်တာအောင်မိုးညို (ပွင့်ဖြူမဲဆန္ဒနယ်)အား ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၄။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်ဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင်သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် အဖွဲ့ဝင်တစ်ဦး လစ်လပ်လျက်ရှိပါသည်။

၅။ ကော်မတီအဖွဲ့ဝင်ဖြစ်သော ကြည်း ၁၆၄၀၂ ဗိုလ်မှူးချုပ်ဒွေးနိုင်မှာ ၂၃.၈.၂၀၁၅ ရက်နေ့တွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းလိုက်သဖြင့် ကော်မတီတွင် အဖွဲ့ဝင်တစ်ဦး လစ်လပ်လျက်ရှိပါသည်။

**မူကြမ်း**

၆။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ စတင်ဖွဲ့စည်းသည့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအထိ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော်သက်တမ်း(၅)နှစ်တာကာလအတွင်း ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ ပေးပို့လာသော တိုင်ကြားစာအမှုတွဲများ၊ ကော်မတီက လေ့လာစိစစ်ရမည့် ဥပဒေ(၅၈)ခု၊ ဘတ်ဂျက်များနှင့်ကော်မတီ၏ဆောင်ရွက်မှုနှင့် သုံးသပ်ချက်၊ အကြံပြုချက်များကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် မှတ်တမ်းတင်ထားရှိနိုင်ရန် အစီရင်ခံစာတင်ပြရခြင်းဖြစ်ပါသည်။

**ကော်မတီ၏တာဝန်များ**

၇။ **ကော်မတီ၏တာဝန်များသည်-**

(က) ကောင်းမွန်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်၊

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ ရှိက လွှတ်တော်သို့ တင်ပြရမည်၊

(ဂ) သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့် ထိန်းညှိကူညီရမည်၊

(ဃ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြ အစီရင်ခံရမည်၊

(င) နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေရေး ဖူလုံရေး၊ အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေး ကူညီဆောင်ရွက်ပေးရမည်၊

(စ) ဘာသာ၊သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ကူညီဆောင်ရွက်ရမည်၊

(ဆ) အမျိုးသားမှတ်ပုံတင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို ကြီးကြပ် ကူညီဆောင်ရွက်ရမည်၊

**ဆောင်ရွက်ချက်များ**

၈။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တိုင်ကြားစာများ၊ လက်ရှိကျင့်သုံးနေသော ဥပဒေများအား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ပြုလုပ်ရန်နှင့် လုပ်ငန်းတာဝန်များ ထိရောက်မြန်ဆန်စွာပြီးစီးနိုင်စေရန် ကော်မတီဝင်(၁၅)ဦးအား အဖွဲ့ဝင် (၄)ဦးပါဝင်သော အဖွဲ့(၁)ဖွဲ့နှင့် အဖွဲ့ဝင်(၃)ဦးပါဝင်သော အဖွဲ့(၃)ဖွဲ့တို့ဖြင့် ဖွဲ့စည်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၉။ ကော်မတီတွင် ဒေသအသီးသီးက ပြည်သူ့ရေးရာကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူလူထုမှ အကူအညီ တောင်းခံရောက်ရှိလာသည့် တိုင်စာ၊ အမှုတွဲစုစုပေါင်း(၃၈၇)စောင်ကို လေ့လာစိစစ်၍ အချက်အလက်ခိုင်လုံသော တိုင်စာ၊ အမှုတွဲများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ပြည်ထောင်စုအစိုးအရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ပေးပို့ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြန်ကြားလာသည့် အမှုတွဲပေါင်း(၉၉)စောင်ကိုလည်း တိုင်စာပေးပို့သူများထံသို့ လိပ်စာအပြည့်အစုံဖော်ပြ၍ ပြန်ကြားပေးခဲ့ပြီးဖြစ်ပါသည်။ ကော်မတီသို့ ပေးပို့တင်ပြလာသောတိုင်စာ၊ အမှုတွဲများအနက်ကော်မတီမှ ဆက်လက်ဆောင်ရွက်ရန် မသင့်သောစာများအားမှတ်တမ်းအဖြစ်ထားရှိပြီး မိမိကော်မတီနှင့် မသက်ဆိုင်သည့်တိုင်စာ၊ အမှုတွဲများကိုလည်း သက်ဆိုင်ရာကော်မတီများသို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ဆောင်ရွက်ရန်ကျန်ရှိသောအမှုတွဲများကို အမြန်ပြန်ကြား ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။

၁၀။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ဥပဒေများကို လေ့လာ၍ ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်း၊ ပယ်ဖျက်ခြင်းများပြုလုပ်ခြင်းနှင့် လွှတ်တော်သို့ တင်ပြလာသော စီမံကိန်း၊ ဘတ်ဂျက်၊ အခွန်ဆိုင်ရာလုပ်ငန်းများကို စိစစ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ခေါ်ယူ၍ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပါသည်။

**မှုကြမ်း**

၁၁။ ကော်မတီသည် ၁၈.၇.၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင်တင်သွင်းခဲ့သည့် အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်း ဖော်ပြ၍ ကြေညာခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

၁၂။ ၄င်းကြေညာချက်များအရ ကော်မတီသည်အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း ၍ ပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် အထက်မြန်မာပြည်/အောက်မြန်မာပြည်မှ အသင်းအဖွဲ့များ၊ ပြည်တွင်း/ပြည်ပအသင်းအဖွဲ့များ၊ နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ UNDP မှဌာန ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကော်မတီများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို (၈)ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ပြီး အသင်းအဖွဲ့များ မှတ်ပုံတင် ခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသင်းအဖွဲ့ များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကိုလည်း လိုအပ်ချက်များနှင့်အညီ ပြင်ဆင်ရန်ညှိနှိုင်း ဆွေးနွေးမှုများမှ ရရှိလာသော ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီသို့ပေးပို့တင်ပြခဲ့ပြီးဖြစ်ပါ သည်။

၁၃။ ကော်မတီသည် ညှိနှိုင်းအစည်းအဝေးများကို ၂၀၁၁ခုနှစ်တွင် (၃)ကြိမ်၊ ၂၀၁၂ခုနှစ်တွင် (၃)ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (၁၃)ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် (၁၂)ကြိမ်၊ ၂၀၁၅ ခုနှစ်တွင်ဇူလိုင်လအထိ (၆)ကြိမ် ပြုလုပ်ခဲ့ပြီး ဥပဒေပြုခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများကို အသုံးစရိတ်များ စိစစ်ခွင့်ပြုခြင်း၊ တိုင်ကြားစာများနှင့်ပတ်သက်၍ စိစစ်ခြင်းနှင့် ကော်မတီလုပ်ငန်းကိစ္စများကို ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

**ကော်မတီကတာဝန်ယူထားသောဝန်ကြီးဌာန**

၁၄။ ကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဌာနများမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ဖြစ်ပါသည်၊ ရံဖန်ရံခါ တာဝန်ပေးလာသည့် အခါ သာသနာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ကို စစ်ဆေးပေးရပါသည်။

**ကော်မတီနှင့်သက်ဆိုင်သည့်ဥပဒေများ**

၁၅။ ကော်မတီသို့ခွဲဝေသတ်မှတ်ပေးထားသောဥပဒေ(၅၈)ခုရှိသည့်အနက် ပြည်ထဲရေးဝန်ကြီးဌာန တွင် လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေ(၂၃)ခု၊ ပြင်ဆင်ရန်ဆောင်ရွက်ဆဲဥပဒေ(၁၄)ခု၊

ပြဋ္ဌာန်းပြီးဥပဒေ (၈)ခု၊ ရုပ်သိမ်းပြီးဥပဒေ(၂)ခု၊ အသစ်ရေးဆွဲပြီး ဥပဒေ(၂)ခု၊ စုစုပေါင်း (၄၉)ခု တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အသေးစိတ်အား နောက်ဆက်တွဲ(က)ဖြင့် တင်ပြအပ်ပါသည်။

၁၆။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေ(၁)ခု၊ ပြင်ဆင်ရန်ဆောင်ရွက်ဆဲဥပဒေ(၇)ခု၊ ပြဋ္ဌာန်းပြီးဥပဒေ(၁)ခု၊ စုစုပေါင်း (၉)ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။အသေးစိတ်အား နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြအပ်ပါသည်။

၁၇။ ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ရှိကျင့်သုံးလျက်ရှိသောဥပဒေဖြစ်သည့် The Myanmar Extradition Act အား ပြည်ထဲရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးထားကြောင်းနှင့် အဆိုပါ ဝန်ကြီးဌာနမှ ပြင်ဆင်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**သုံးသပ်အကြံပြုချက်**

၁၈။ ဥပဒေများကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်း တို့ကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့လာသော ဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော သက်ဆိုင်ရာလွှတ်တော်ကော်မတီများ၊ ဥပဒေနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပအသင်းအဖွဲ့များ၊ ဥပဒေနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်အဖွဲ့အစည်းများမှ စုပေါင်းဆွေးနွေးရေးဆွဲအတည်ပြုသော ဥပဒေမျိုးသာလျှင် ရေရှည်တည်တံ့သော ဥပဒေအဖြစ်ရပ်တည်နိုင်မည်ဖြစ်ကြောင်း သုံးသပ်အကြံပြုပါသည်။

၁၉။ ဥပဒေကြမ်းများ ပြင်ဆင်ရေးဆွဲတင်သွင်းခြင်းနှင့် ပတ်သက်၍ လွှတ်တော် ကိုယ်စားလှယ်များမှသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနများမှသော်လည်းကောင်း စတင်တင်သွင်းခွင့်ရှိရာတွင် လွှတ်တော်ကိုယ်စားလှယ်များ (သို့မဟုတ်) လွှတ်တော်ကော်မတီ၊ ကော်မရှင်များမှ စတင်တင်သွင်းသည့်ဥပဒေများသည် ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနများမှ တင်သွင်းသော ဥပဒေထက် ပိုမိုပြည့်စုံကောင်းမွန်ခြင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လိုအပ်ချက်များကိုပိုမို ဆောင်ရွက်ပေးနိုင်ခြင်း၊ အချိန်တိုအတွင်း ဥပဒေကောင်းတစ်ရပ်အနေဖြင့် ထွက်ရှိလာနိုင်ခြင်းစသည့် အကျိုးတရားများရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

၂၀။ ဒေသအသီးသီးမှ ရောက်ရှိလာသော တိုင်ကြားစာများကို လက်ခံဆောင်ရွက်ရာတွင် ကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများသို့ တိုက်ရိုက်ဆက်သွယ်ပေးပို့တင်ပြနိုင်ခြင်းမရှိဘဲ ပြည်သူ့

လွှတ်တော်ရုံးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ဆောင်ရွက်နေရခြင်းတို့ကို ပြန်လည်လေ့လာသုံးသပ်ဖို့လိုအပ်ပါကြောင်း အကြံပြုပါသည်။

၂၁။ ပြည်သူလူထုမှ ၎င်းတို့ကြုံတွေ့သော အခက်အခဲများကို တင်ပြတိုင်ကြားမှုများနှင့် ပတ်သက်၍ လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ဆောင်ရွက်ခဲ့ရာတွင် အချို့တိုင်ကြားစာများမှာ အချိန်ကာလကြာမြင့်သည့်တိုင် ပြန်ကြားချက်မရရှိသေးခြင်း၊ အချို့ပြန်ကြားစာများမှာ ပြန်ကြားချက်ရရှိခဲ့သော်လည်း ထိရောက်သော ဖြေကြားရှင်းလင်းမှုမရှိခြင်းများ တွေ့ရှိရပါသည်။

၂၂။ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ ယနေ့နိုင်ငံတော်အတွင်း ဖြစ်ပွားလျက်ရှိသော ရာဇဝတ်မှုခင်းများတွင် တရားခံများကို ဖမ်းဆီးရာ၌ ဥပဒေအရ ရာဘာတုတ်သာကိုင်ဆောင်ထားရှိပြီး ပြစ်မှုကျူးလွန်သူများမှာ ငှက်ကြီးတောင်ဓါးကဲ့သို့သော လက်နက်များကို ကိုင်ဆောင်အသုံးပြုလျက်ရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားခံအားဖမ်းဆီးရာတွင် အသက်အန္တရာယ်ရှိမှုနှင့် ထိခိုက်ဒဏ်ရာရနိုင်မှုအခြေအနေအရ ထိရောက်သောဖမ်းဆီးရေးမှုများ၊ အရေးယူမှုများ အားနည်းလာသည့်အတွက် ရာဇဝတ်မှုခင်းများ လျှော့နည်းပပျောက်ရေး၊ တရားခံများအား ထိရောက်စွာဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်ဆောင်မှုအား ပြန်လည်သုံးသပ်ပြီး ထိရောက်မှုရှိနိုင်သော လက်နက်တပ်ဆင်ပေးခြင်း၊ တရားခံအား ပစ်ခတ်ဖမ်းဆီးခွင့်ပေးခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ပြန်လည်လေ့လာသုံးသပ်ဆောင်ရွက်သင့်ပါသည်။

၂၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားရရှိရေး မိုးပွင့်အဆင့်များဖြင့် ဖြေလျှော့ဆောင်ရွက်ပေးနေသည်ဆိုသော်လည်း ဝန်ကြီးဌာန၏ ဖြေလျှော့သတ်မှတ်ချက်များကိုပင် ပြည်သူအများလိုက်နာဆောင်ရွက်နိုင်မှုမရှိသဖြင့် နိုင်ငံအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားလက်ဝယ် မရှိသူများစွာရှိနေသေးသဖြင့် ပြည်သူအများ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားရရှိရေး ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။

၂၄။ ကော်မတီများသည် ဥပဒေပြုသည့်အဖွဲ့ဖြစ်သည့်အတွက် ကော်မတီတွင်လိုအပ်သည့် ဥပဒေအထောက်အထားများ၊ အခြားကိစ္စများလေ့လာနိုင်ရန်အတွက် ကော်မတီရုံးတွင် စာကြည့်တိုက်ဖွင့်လှစ်ထားရှိပေးရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

မူကြမ်း

၂၅။ ကော်မတီဝန်ထမ်းအင်အားကို ယခုထက် တိုးချဲ့တာဝန်ပေးရန်လိုအပ်သလို ဝန်ထမ်းများ အင်္ဂလိပ်စကားပြောကျွမ်းကျင်သူများ၊ ဥပဒေကျွမ်းကျင်သူများ၊ ကွန်ပျူတာကျွမ်းကျင်သူများစသဖြင့် ရုံး၏လိုအပ်ချက်များကို အခြားကော်မတီ၊ ကော်မရှင်များ၏ အကူအညီတောင်းခံခြင်းမရှိဘဲ လည်ပတ်နိုင်ရေးအတွက် လိုအပ်နေသေးကြောင်း အကြံပြုပါသည်။

၂၆။ ကော်မတီအနေဖြင့် အစည်းအဝေးများပြုလုပ်သည့်အခါ အသုံးစရိတ်ခွင့်ပြု သတ်မှတ်ချက်တွင် အခက်အခဲများရှိသဖြင့် ပြန်လည်လေ့လာသုံးသပ်ဖို့ လိုအပ်ကြောင်းအကြံပြုပါသည်။

၂၇။ လွှတ်တော်ကိုယ်စားလှယ်များသွားလာမှု အဆင်ပြေလွယ်ကူစေရေးအတွက် မော်တော်ယာဉ်များကို အမြဲတမ်းကော်မတီ(၄)ခုကဲ့သို့ ထပ်မံတိုးချဲ့ဖွဲ့စည်းထားသော ကော်မတီများကိုလည်း ထုတ်ပေးစီစဉ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

၂၈။ ကော်မတီများတွင် ဖွဲ့စည်းတာဝန်ပေးအပ်သည့်အခါ တိုင်းဒေသကြီး/ ပြည်နယ်/ နိုင်ငံရေးပါတီ၊ အသက်အရွယ်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး ကော်မတီ၏ အရည်အသွေးပြည့်ဝစေရန်အတွက် သက်ဆိုင်ရာကော်မတီနှင့် ပတ်သက်သည့် အကြောင်းအရာများကို လေ့လာခွင့်ရရှိစေရန် ဆောင်ရွက်ပေးပြီး သီးခြားတာဝန်ပေးအပ်ရန်လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်အကြံပြုပါသည်။

၂၉။ ကော်မတီတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တွဲဖက်တာဝန်ပေးထားသော ပုဂ္ဂိုလ်များကဲ့သို့သောသူများကို ကော်မတီအသီးသီးတွင် ပါဝင်ဖွဲ့စည်းထားရှိပြီး ကော်မတီလုပ်ငန်းများကို အချိန်ပြည့်ဆောင်ရွက်နိုင်ရေးစီစဉ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုပါသည်။

၃၀။ နောင်အနာဂတ်တွင် လွှတ်တော်ရဲ့လုပ်ဆောင်ချက်များ သိရှိနိုင်ရန် လွှတ်တော်ပြတိုက်များကို ဖွင့်လှစ်ထားရှိသင့်ပြီးလွှတ်တော်သို့ လာရောက်လေ့လာသော လုပ်သားပြည်သူများကိုလွှတ်တော်ကော်မတီလုပ်ငန်းများ ရှင်းလင်းပြောကြားခြင်းအစီအစဉ်အား စီစဉ်ဆောင်ရွက်ပေးသင့်ပါ ကြောင်း၊ အမှတ်တရအရောင်းဆိုင်များကို ယခုထက် ပိုမို၍ဖွင့်လှစ်ထားရှိသင့်ကြောင်း တွေ့ရှိသုံးသပ်အကြံပြုပါသည်။

၃၁။ ကော်မတီတွင် ဖွဲ့စည်းတာဝန်ပေးထားသော အဖွဲ့ဝင်(၁၅)ဦးတို့သည် ကော်မတီ၏ လုပ်ငန်းများကို လေ့လာလိုစိတ်၊ စိတ်ဝင်စားလိုစိတ်များရှိလာအောင် စည်းရုံးဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း တွေ့ရှိရပါသည်။

၃၂။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့မှထုတ်ဝေသော အစည်းအဝေးမှတ်တမ်းများကို နောင်အနာဂတ်တွင်ပေါ်ထွန်းလာမည့်ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ကော်မတီများတွင်လည်းထားရှိရန်လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

၃၃။ ကော်မတီအဖွဲ့ဝင်များ အရည်အသွေးမြင့်မားစေရေးအတွက် ကော်မတီရုံးတွင် ကော်မတီဝင်များအတွက် ကွန်ပျူတာများ ထားရှိစီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

၃၄။ နောင်လာမည့် ဒုတိယအကြိမ်လွှတ်တော်တွင် ဖွဲ့စည်းမည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီနှင့် အဖွဲ့ဝင်အသစ်များကို ပထမအကြိမ် တာဝန်ထမ်းဆောင်ခဲ့သည့် ကော်မတီအဖွဲ့ဝင်များမှ လုပ်ငန်းတာဝန်များလွှဲပြောင်းခြင်း၊ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးသင့်ကြောင်းသုံးသပ်တွေ့ရှိရပါသည်။

၃၅။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏လုပ်ငန်းများသည် အင်မတန်လေးနက်ကျယ်ဝန်းသလို အခြားဝန်ကြီးဌာနများ၏ လုပ်ငန်းများနှင့်လည်း ဆက်နွယ်မှုရှိသည့်အတွက် ကော်မတီအဖွဲ့ဝင်များ အနေနှင့်အခြားဝန်ကြီးဌာနများတွင်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ တက်ရောက်သင့်ကြောင်း၊ အလားတူ မြန်မာတစ်နိုင်ငံလုံးမှာ ပြည်သူ့ရေးရာများကို ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများနှင့်လည်း လွှတ်တော်ကော်မတီများတွင် ဆွေးနွေးမှုများ စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း တွေ့ရှိရပါသည်။

၃၆။ ကော်မတီနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ဥပဒေများကို ပြန်လည်လေ့လာသုံးသပ်ပြီး ပြည်သူလူထုနှင့် လက်တွေ့ဘဝတွင် အံဝင်ဂွင်ကျမဖြစ်တော့သည့် ဥပဒေများ၊ မဖြစ်မနေပြင်ဆင်ရန် လိုအပ်သော ဥပဒေများရှိသည်ကိုတွေ့ရပြီး ဥပမာ- မြန်မာနိုင်ငံမှာရှိသော ကျူးကျော်များသည် သန်းခေါင်စာရင်း၊ မှတ်ပုံတင်များမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့်ပျောက်ဆုံးနေ၍ ၄င်းတို့ မှတ်ပုံတင်သန်းခေါင်စာရင်းရရှိရန် ဥပဒေတွင်လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရသဖြင့် အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်သင့်သော ကိစ္စရပ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

၃၇။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တည်ဆဲဥပဒေများမှ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ဦးစားပေးလိုအပ်သောဥပဒေများကို ခေတ်စနစ်နှင့်ညီညွတ်စေရေး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများကို ဥပဒေနှင့်အညီ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

၃၈။ ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ လွှတ်တော်ကော်မတီ၊ကော်မရှင်မှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေနှင့်သက်ဆိုင်သည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဥပဒေကိုစိတ်ဝင်စားသူ လုပ်သား ပြည်သူများ၊ ပြည်တွင်း/ပြည်ပအသင်းအဖွဲ့များမှ အတွေ့အကြုံနှင့်အကြံများရယူလျက် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများထွက်ပေါ်လာရေးဆောင်ရွက်ပါမည်။

၃၉။ နိုင်ငံတဝှမ်းမြို့နယ်များရှိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားမရှိ သေးသူများ ထုတ်ယူရရှိနိုင်ရန် ဝန်ကြီးဌာန၏သတ်မှတ်ချက်များမှ ဖြေလျော့ပေးနိုင်သည်များကို လက်တွေ့အခြေအနေနှင့် ကိုက်ညီအောင်ဖြေလျော့စေရေး ညှိနှိုင်းဆောင်ရွက်ပါမည်။

၄၀။ ပြည်သူတို့၏ တိုင်ကြားစာများနှင့်ပတ်သက်၍ ပြည်သူများနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးပြီး အရေးကြီးတိုင်ကြားစာများနှင့်ပတ်သက်၍ ကော်မတီဝင်များမှ ကွင်းဆင်း စစ်ဆေး၍ အဖြစ်မှန်ဖော်ထုတ် တင်ပြကူညီဆောင်ရွက်ပါမည်။

**နိဂုံး**

၄၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းသော ကော်မတီ ၁၉ ခုထဲမှ တစ်ခုအပါအဝင်ဖြစ်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလတွင် ကော်မတီကတာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနများတို့က တင်ပြလာသော ဘတ်ဂျက်များကို စိစစ်ခြင်းနှင့် ဥပဒေများကိုပြင်ဆင်ပြဌာန်းခြင်း၊အသစ်ရေးဆွဲခြင်း၊ရုပ်သိမ်းခြင်းနှင့် ပြည်သူတို့၏ တိုင်ကြားစာများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်းများကို လွှတ်တော် သက်တမ်း(၅)နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်းနှင့်နောင်လာမည့်ဒုတိယအကြိမ် လွှတ်တော် သက်တမ်းတွင်လည်း ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို ပြန်လည်ဖွဲ့စည်းပေးခြင်းဖြင့် ပြည်ထဲရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်သောဝန်ကြီး

ဌာနများ၏ဘတ်ဂျက်နှင့်ဥပဒေများကို ထိန်းကျောင်းပေးခြင်းဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကိုများစွာအထောက်အကူပေးနိုင်မည်ဖြစ်ကြောင်းအစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အစီရင်ခံစာကိုဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၄-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်းအသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဆွေ(အတွင်းရေးမှူး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ တွဲဖက်အတွင်းရေးမှူး တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းတဲ့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ ဆောင်ရွက်ပြီးစီးမှုအခြေအနေနဲ့ပတ်သက်တဲ့ အစီရင်ခံစာကို ကော်မတီကိုယ်စား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

နိဒါန်းအနေဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ နှစ်ပေါင်းများစွာ ပါလီမန်စနစ်နှင့် ဝေးကွာပြီးတဲ့နောက် ၂၀၁၁ ခုနှစ်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ အသီးသီး ပေါ်ပေါက်လာခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြဲတမ်းကော်မတီ ၄ ရပ်သာမက လုပ်ငန်းလိုအပ်ချက်အရ ထပ်မံဖွဲ့စည်းခဲ့သော လွှတ်တော်ရေးရာကော်မတီများမှာ တာဝန်ထမ်းဆောင်ကြရာ

မှာလည်း စိတ်အားထက်သန်စွာနဲ့ ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါတယ်။ ရည်ရွယ်ချက်အနေနဲ့ ကျွန်တော်တို့ကော်မတီရဲ့ လုပ်ငန်းတာဝန်များကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်သွားရန်နှင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ဖွဲ့စည်းခြင်းဆိုင်ရာနှင့်ပတ်သက်ပြီး တင်ပြပါ့မယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၇/၂၀၁၁)အရ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ထိုသို့ဖွဲ့စည်းရာမှာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီမှာ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များပါဝင်ကြပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ၁၁ ဦး၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ၁ ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ၁ ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ ၁ ဦး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ ၁ ဦးတို့ ဖြစ်ကြပါတယ်။

ဆက်လက်ပြီး ကော်မတီအစည်းအဝေးများကျင်းပမှုနှင့် နိုင်ငံခြားအဖွဲ့အစည်းတွေ့ဆုံမှုကို တင်ပြပါ့မယ်။ ကော်မတီအစည်းအဝေးများ ကျင်းပနိုင်မှုနှင့် နိုင်ငံခြားအဖွဲ့အစည်းတွေ့ဆုံမှုမှတ်တမ်းများအနေဖြင့်တင်ပြရရင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကော်မတီအစည်းအဝေး (၁၄)ကြိမ်၊ ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးမှု (၃၂)ကြိမ်၊ ပြင်ပဌာနများနှင့် (၂)ကြိမ်၊ Call တွေ့ဆုံမှု (၁၄) ကြိမ် စုစုပေါင်း (၆၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပြည်သူ့လွှတ်တော်တွင် ကော်မတီဝင်များ၏ အဆို၊ မေးခွန်း တင်သွင်းမေးမြန်းဆွေးနွေးဆောင်ရွက်မှုများကို တင်ပြပါ့မယ်။ ကော်မတီဝင်များအနေဖြင့် စုစုပေါင်းအဆို ၂၇ ခု၊ ကြယ်ပွင့်ပြမေးခွန်း ၂၂၂ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၂၄၁ ခုတို့ကို မေးမြန်းဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ကော်မတီဝင်များ ပြည်ပခရီးစဉ်များ သွားရောက်မှုအနေဖြင့် ကော်မတီဝင်များဟာ ပြည်သူ့လွှတ်တော်ရဲ့တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များသွားရောက်ခဲ့ရာမှာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ (၆)ကြိမ်၊ အတွင်းရေးမှူး ဦးအေးဖေ (၁)ကြိမ်၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးဆွေ (၁)ကြိမ်၊ ကော်မတီအဖွဲ့ဝင် ဦးသိန်းအောင် (၁)ကြိမ်၊ ကော်မတီအဖွဲ့ဝင် ဦးနန်းဦး (၁)ကြိမ် စုစုပေါင်း(၁၀)ကြိမ် သွားရောက်ခဲ့ပါတယ်။ ကော်မတီကတာဝန်ယူထားသော ဝန်ကြီးဌာနများကို ဆက်လက်တင်ပြပါ့မယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအနေဖြင့် တာဝန်ယူထားသော ဝန်ကြီးဌာနများ

မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့ ဖြစ်ကြပါတယ်။

ဥပဒေပြုခြင်းဆိုင်ရာနှင့်ပတ်သက်ပြီး တင်ပြပါ့မယ်။ ကော်မတီဟာ ဥပဒေပြုရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်းပြီးတော့မှ ပြည်သူ့လွှတ်တော်ရုံးရဲ့ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနများရဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီက စိစစ်ရန်သတ်မှတ်ပေးထားတဲ့ ဥပဒေ ၄၅ ခု ရှိပါတယ်။ အတည်ပြုပြဋ္ဌာန်းပြီးဥပဒေ ၁၉ ခု၊ စိစစ်ဆဲဥပဒေ ၁၉ ခု၊ ပြင်ဆင်ရန်မလိုတဲ့ဥပဒေ ၅ ခု၊ ဖျက်သိမ်းပြီးဥပဒေ ၂ ခုတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေအသေးစိတ်စာရင်းကိုတော့ နောက်ဆက်တွဲဖြင့် တင်ပြထားပါတယ်။

သုံးသပ်ချက်အနေဖြင့် မိမိတို့ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းပေးထားသော ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် မိမိကော်မတီနှင့်သက်ဆိုင်သော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများမှနေ၍ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ မူဝါဒ၊ ရည်မှန်းချက်နှင့် ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလျာထားချက်များ၊ လေ့လာသိရှိခြင်း၊ အကြံပြုတင်ပြနိုင်ခြင်း၊ ဝန်ကြီးဌာနများ၏ လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေများ၊ ခေတ်ကာလနှင့်မကိုက်ညီတော့သဖြင့် ပြင်ဆင်ရေးဆွဲရမယ့်ဥပဒေများ၊ အသစ်ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများ၊ ပယ်ဖျက်ရမည့်ဥပဒေများကို သိရှိလေ့လာနိုင်ခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရရင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် မိမိတို့ကော်မတီနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ မူဝါဒ၊ ရည်မှန်းချက်များ စိစစ်လေ့လာသုံးသပ်ခြင်း၊ အကြံပြုတင်ပြနိုင်ခြင်းအပြင် ပယ်ဖျက်ရမည့်ဥပဒေများ၊ ပြင်ဆင်ရေးဆွဲသင့်သောဥပဒေများအား ပြင်ဆင် ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းသည့်ဥပဒေကြမ်းများကို လေ့လာသုံးသပ်အကြံပြုတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပထမအကြိမ်၊ ပြည်သူ့လွှတ်တော်၊ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ**

**နိဒါန်း**

၁။ မြန်မာနိုင်ငံအနေနှင့် နှစ်ပေါင်းများစွာ ပါလီမန်စနစ်နှင့် ဝေးကွာခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ အသီးသီးပေါ်ပေါက်လာပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြဲတမ်းကော်မတီ ၄ ရပ်သာမက လုပ်ငန်းလိုအပ်ချက်အရ ထပ်မံဖွဲ့စည်းခဲ့သော လွှတ်တော်ရေးရာကော်မတီများတွင် တာဝန်ထမ်းဆောင်ကြရာတွင်လည်း စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

**ရည်ရွယ်ချက်**

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်သွားရန်နှင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်။

**ဖွဲ့စည်းခြင်း**

၃။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၇/၂၀၁၁)အရ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၄။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် အောက်ဖော်ပြပါ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များပါဝင်ကြပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | (၁၁) ဦး |
| (ခ) | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | (၁) ဦး |
| (ဂ) | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | (၁) ဦး |
| (ဃ) | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | (၁) ဦး |
| (င) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | (၁) ဦး |

**ကော်မတီအစည်းအဝေးများကျင်းပမှုနှင့် နိုင်ငံခြားအဖွဲ့အစည်းများတွေ့ဆုံမှု**

၅။ ကော်မတီအစည်းအဝေးများကျင်းပမှု နှင့် နိုင်ငံခြားအဖွဲ့အစည်း တွေ့ဆုံမှုမှတ်တမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ခုနှစ် | အစည်းအဝေးပြုလုပ်ခြင်း | | | Call တွေ့ဆုံမှု | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | ကော်မတီ | ဝန်ကြီးဌာန | ပြင်ပအဖွဲ့အစည်း | | |
| ၁။ | ၂၀၁၁ | ၁ ကြိမ် | - | - | - | ၁ ကြိမ် |
| ၂။ | ၂၀၁၂ | ၁ ကြိမ် | - | - | ၄ ကြိမ် | ၅ ကြိမ် |
| ၃။ | ၂၀၁၃ | ၄ ကြိမ် | ၁၇ ကြိမ် | - | ၂ ကြိမ် | ၂၃ ကြိမ် |
| ၄။ | ၂၀၁၄ | ၇ ကြိမ် | ၁၀ ကြိမ် | ၂ ကြိမ် | ၄ ကြိမ် | ၂၃ ကြိမ် |
| ၅။ | ၂၀၁၅ | ၁ ကြိမ် | ၅ ကြိမ် | - | ၄ ကြိမ် | ၁၀ ကြိမ် |
| | စုစုပေါင်း | ၁၄ ကြိမ် | ၃၂ကြိမ် | ၂ကြိမ် | ၁၄ ကြိမ် | ၆၂ ကြိမ် |

**မေးခွန်း၊ အဆိုများမေးမြန်းခြင်း**

၆။ ၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ်ထိ ပြည်သူ့လွှတ်တော်တွင် ကော်မတီဝင်များ၏ အဆို၊ မေးခွန်း တင်သွင်းမေးမြန်းဆွေးနွေးဆောင်ရွက်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းမေးမြန်းဆွေးနွေးမှုများ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အဆို | မေးခွန်း | | |
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | |
| ၁။ | ဦးသိန်းဆွေ | အမ်း | ၅ | ၁၅ | ၄၁ | |
| ၂။ | ဦးအောင်စိုး | လောင်းလုံး | - | ၇ | ၄ | |
| ၃။ | ဦးမြင့်ဌေး | ငဖဲ | - | - | ၁၀ | |
| ၄။ | ဦးနန်းဦး | မိုးညို | - | ၁၁ | ၅၇ | |
| ၅။ | ဦးခင်မောင်မြင့် | ရပ်စောက် | - | ၂၂ | ၂၃ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ | ဦးအောင်ဇော်ဝင်း(ခ) ဦးဇော်ကိရ်အာမတ် | မောင်တော | ၁ | ၁၆ | ၃ | |
| ၇။ | ဦးရဲထွန်း | သံတွဲ | ၅ | ၂၁ | ၁၆ | |
| ၈။ | ဦးအောင်မြင့် | ဂန့်ဂေါ | ၃ | ၃၀ | ၁၅ | |
| ၉။ | ဦးခင်မောင်သီ | လှိုင်လင် | - | ၄၄ | ၂၉ | |
| ၁၀။ | ဦးသိန်းအောင် | သံဖြူဇရပ် | - | ၁၄ | ၁၇ | |
| ၁၁။ | ဦးသာစိန် | ကျောက်တော် | ၃ | ၈ | - | |
| ၁၂။ | ဦးစိုင်းကျော်မြင့် | မိုးနဲ | ၃ | ၁၈ | ၄ | |
| ၁၃။ | ဦးဝင်းကျော် | သရက် | - | - | ၂၀ | |
| ၁၄။ | ဦးအေးဖေ | ကိုကိုးကျွန်း | - | ၂ | ၁ | |
| ၁၅။ | ဦးမျိုးဆွေ | တနိုင်း | ၇ | ၁၃ | ၁ | |
| ၁၆။ | ဗိုလ်မှူးမင်းဇော်လင်း | တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် | - | ၁ | - | |
| | | **စုစုပေါင်း** | ၂၇ | ၂၂၂ | ၂၄၁ | |

**ကော်မတီဝင်များပြည်ပခရီးသွားရောက်မှု**

၇။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဆွေ(၆) ကြိမ်၊ အတွင်းရေးမှူး ဦးအေးဖေ (၁) ကြိမ်၊ တွဲဖက် အတွင်းရေးမှူး ဦးမျိုးဆွေ (၁)ကြိမ်၊ ကော်မတီအဖွဲ့ဝင် ဦးသိန်းအောင် (၁)ကြိမ်၊ ကော်မတီအဖွဲ့ဝင် ဦးနန်းဦး (၁)ကြိမ်၊ စုစုပေါင်း(၁၀)ကြိမ် သွားရောက်ခဲ့ပါသည်။

**ကော်မတီကတာဝန်ယူထားသော ဝန်ကြီးဌာနများ**

၈။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် တာဝန်ယူ ထားသော ဝန်ကြီးဌာနများမှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့ ဖြစ်ကြပါ သည်။

**ဥပဒေပြုခြင်း**

၉။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ကော်မတီက စိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေ (၄၅) ခု ရှိပါသည်။ အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေ (၁၉) ခု၊ စိစစ်ဆဲဥပဒေ (၁၉) ခု၊ ပြင်ဆင်ရန်မလိုသည့် ဥပဒေ (၅) ခု၊ ဖျက်သိမ်းပြီးဥပဒေ(၂) ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေအသေးစိတ်စာရင်းအား နောက်ဆက်တွဲ(က)ဖြင့် ပူးတွဲဖော်ပြအပ်ပါသည်။

**သုံးသပ်ချက်**

၁၁။ မိမိတို့ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသော ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် မိမိကော်မတီနှင့်သက်ဆိုင်သော ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများမှ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်နှင့် ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလျာထားချက်များ၊ လေ့လာသိရှိခြင်း၊ အကြံပြုတင်ပြနိုင်ခြင်း။

(ခ) ဝန်ကြီးဌာနများ၏ လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေများ၊ ခေတ်ကာလနှင့်မကိုက်ညီတော့သဖြင့် ပြင်ဆင်ရေးဆွဲရမည့် ဥပဒေများ၊ အသစ်ပြဋ္ဌာန်းရန်လိုအပ်သော ဥပဒေများ၊ ပယ်ဖျက်ရမည့် ဥပဒေများကို သိရှိလေ့လာနိုင်ခဲ့ပါသည်။

**နိဂုံး**

၁၂။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် မိမိတို့ကော်မတီနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ မူဝါဒ၊ ရည်မှန်းချက်များ စိစစ်လေ့လာသုံးသပ်ခြင်း၊ အကြံပြုတင်ပြနိုင်ခြင်းအပြင် ပယ်ဖျက်ရမည့် ဥပဒေများ၊ ပြင်ဆင်ရေးဆွဲသင့်သောဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းသည့်ဥပဒေကြမ်းများကို လေ့လာသုံးသပ် အကြံပြုတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**မူကြမ်း**

နောက်ဆက်တွဲ(က-၁)

## ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ

## ပြဋ္ဌာန်းပြီး ဥပဒေများ (၁၉) ခု

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန (၂) ခု**

၁။ ဆက်သွယ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁/၂၀၁၃)

၂။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ (ဥပဒေအမှတ် ၅/ ၂၀၁၄)

**ပို့ဆောင်ရေးဝန်ကြီးဌာန (၁၀) ခု**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အက်ဥပဒေ ( ဥပဒေအမှတ် ၃၅/ ၁၉၅၂၊ အတွဲ- ၇)

၂။ မြန်မာဆိပ်ကမ်းအာဏာပိုင်ဥပဒေအသစ် (မူကြမ်း)

၃။ မြန်မာ့နိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ (ဥပဒေအမှတ် ၁/၂၀၀၂)

၄။ ရေကြောင်းအတားအဆီးများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၆/၂၀၁၃)

၅။ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၇/ ၂၀၁၃)

၆။ ဘတ်စုံပို့ဆောင်ရေးဥပဒေ

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အက်ဥပဒေ (ဥပဒေအမှတ် ၃၉၊ ၁၉၅၂ ခုနှစ်အတွဲ ၇) (အစား) **မြန်မာအမျိုးသားလေကြောင်း ဥပဒေ**

၈။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၃၃/ ၂၀၁၃)

၉။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ

၁၀။ ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်း

The Inland Steam Vessels Act (India Act -1, 1917, Vol.VII)

**ဆောက်လုပ်ရေးဝန်ကြီးဌာန ( ၆ ) ခု**

၁။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ( ဥပဒေအမှတ် ၅၃/ ၁၉၅၅)

မူကြမ်း

၂။ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေ ( ဥပဒေအမှတ် ၁၃/ ၁၉၈၅ )

၃။ လမ်းမကြီးများ ဥပဒေ (ဥပဒေအမှတ် ၈/ ၂၀၀၀)

၄။ အမြန်လမ်းမကြီးများ ဥပဒေ

၅။ မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ (မူကြမ်း)

၆။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအဆိုပြုဥပဒေ (မူကြမ်း)

နောက်ဆက်တွဲ(က-၂)

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန (၁) ခု**

၁။ မော်တော်ယဉ် ဥပဒေကြမ်း ( ဥပဒေအမှတ် ၁၇/ ၁၉၆၄ ခုနှစ် )

**စိစစ်ဆဲဥပဒေများ ( ၁၉ ) ခု**

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ( ၃ ) ခု**

၁။ E- Government Law

၂။ ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ

၃။ The Myanmar Post Office Act ( India Act 6, 1898, Vol. VII )

**ပို့ဆောင်ရေးဝန်ကြီးဌာန ( ၈ ) ခု**

၁။ The Myanmar Regisration Of Ships Act ( India Act-10, 1841 Vol.VII )

၂။ The Myanmar Merchant Shipping Act (India Act -21,1923, Vol. VII )

၃။ ပင်လယ်ရေကြောင်းသွားလာမှု သဘောတူစာချုပ်များအက်ဥပဒေ
(ဥပဒေအမှတ် ၁၉/ ၁၉၅၂၊ အတွဲ - ၇ )

၄။ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၂၀/ ၁၉၅၂၊ အတွဲ - ၇ )

၅။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
The Myanmar Lighthouse Act ( India Act -2,1937, Vol. VII )

၆။ The Myanmar Carriage by Air Act ( India Act -20,1934, Vol. VII )

**မူကြမ်း**

၇။ မြို့မြေလေကြောင်းလုံခြုံရေးအတွက် အကြမ်းဖက်ကျူးလွန်သူများ တားဆီးနှိမ်နင်းရေး အက်ဥပဒေ

၈။ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူမြောင်းဥပဒေကြမ်း

**ဆောက်လုပ်ရေးဝန်ကြီးဌာန ( ၆ ) ခု**

၁။ ၁၉၃၀ ပြည့်နှစ်၊ မြေအောက်ရေကြီးကြပ်မှု အက်ဥပဒေ

The Under ground Water Act ( India Act 4, 1930, Vol.VI)

၂။ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ

( ဥပဒေအမှတ် ၆၃/ ၁၉၅၁၊ အတွဲ- ၄ )

၃။ စုပေါင်းပိုင်အဆောက်အဦးများဆိုင်ရာ ဥပဒေ

၄။ အမျိုးသားနယ်မြေနေရာဒေသ ဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေ

(National Spatial Development Planning Law)

နောက်ဆက်တွဲ(က-၃)

၅။ အိမ်ရာဖွံ့ဖြိုးရေးဥပဒေ

(Housing Development Law)

၆။ အဆောက်အဦဆောက်လုပ်ခြင်းဆိုင်ရာ စံချိန်စံနှုန်းဥပဒေ

(Building Code)

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ( ၂ ) ခု**

၁။ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်း

The Railways Act ( India Act 9, 1890, Vol.VII )

၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်း

## လတ်တလောပြင်ဆင်ရန် မလိုသော ဥပဒေများ( ၅ ) ခု

**ပို့ဆောင်ရေးဝန်ကြီးဌာန ( ၅ ) ခု**

၁။ The Bills of Lading Act (India Act -9, 1856, Vol.VII)

၂။ The Carriers Act (India Act -3, 1865, Vol.VII)

၃။ The Ports Act (India Act -15, 1908, Vol.VII)

၄။ The Myanmar Carrage of Goods by Sea Act (India Act -26, 1925, Vol.VII)

၅။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ( ဥပဒေအမှတ် ၈/ ၂၀၀၇ )

## ဖျက်သိမ်းပြီးဥပဒေများ (၂) ခု

**ပို့ဆောင်ရေးဝန်ကြီးဌာန**

၁။ The Yangon Port Act (Burma Act 4, 1905, Vol.VII)

၂။ The Outports Act (Burma Act 2, 1914, Vol.VII)

## ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၄-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အစည်းအဝေး အဋ္ဌမနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ကိုဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် တင်ပြခဲ့သော **အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။** ဒါကြောင့် အဆိုကို တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အဖွဲ့ဝင်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် **အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာကို** လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာကို (၁၃)ကြိမ်မြောက် ပြည်သူ့လွှတ်တော် အဋ္ဌမနေ့အစည်းအဝေးမှာ လွှတ်တော်သို့ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယခုအစီရင်ခံစာအား ၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ်အထိ ဖြစ်သော်လည်း အကျဉ်းချုပ်ကိုသာ တင်ပြထားခြင်းဖြစ်ပါတယ်။ ကော်မတီမှ တင်သွင်းသောပုံမှန်အစီရင်ခံစာများကို အားကစားကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ ယဉ်ကျေးမှု ကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍများနှင့်ဆက်စပ်၍ လည်းကောင်း၊ သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း အစီရင်ခံစာအသေး စိတ်များကို လွှတ်တော်သို့ (၅) နှစ်တာကာလအတွင်းမှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ လေ့လာလိုသော ပုဂ္ဂိုလ်များအတွက် မိမိတို့ကော်မတီမှာ မှတ်တမ်းမှတ်ရာများဖြင့် ထိန်းသိမ်းထားပါကြောင်း လွှတ်တော် မှဖွဲ့စည်းအပ်သည့် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ တက်ညီလက်ညီဖြင့် မိမိတို့၏ ကော်မတီမှပေးအပ် သောတာဝန်များကို ကျေပွန်စွာဆောင်ရွက်ခဲ့ပါကြောင်း လွှတ်တော်သို့တင်ပြရင်း ပြည်သူ့လွှတ်တော် **အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာအား**

လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ **အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာကို** အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

ဒုတိယဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် **အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာကို** လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အဋ္ဌမနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် တင်ပြခဲ့သော **ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကိုလွှတ်တော်က** သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးကြည်သာ(အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ဖြစ်တဲ့ နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော် **ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို** တင်ပြပြီးဖြစ်ပါတယ်။ အဆိုပါ အစီရင်ခံစာအား ဝေဖန်အကြံပြုချက်မည့် ပုဂ္ဂိုလ်များ တစ်ဦးမျှမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့တင်သွင်းသော အစီရင်ခံစာအား လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ **ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

ဒုတိယဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် **ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။** (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၃၀-၁၁-၂၀၁၅ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃၊ နည်းဥပဒေခွဲ(ဃ) အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ) နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၃၀-၁၁-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က) အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားကိုရယူပါမယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို

လွှတ်တော်နှစ်ရပ်စလုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ) နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၃၀-၁၁-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီး လည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားကိုရယူမှာဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။**]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၃၀-၁၁-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။**]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့

လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]